# ဆောင်းဝင်းလတ်

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ ဆောင်းဝင်းလတ်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၅၅ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတို ၅ ပုဒ်

## ဆောင်းဝင်းလတ်

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


၁။ ဘာကိုရွေးမလဲ ရွာကလေးရယ် ၁

၂။ သိုက်ဆွတ်သမား မဟုတ်ပြားလည်း ၁၂

၃။ ရေကူးကန်ကလေး ၂၀

၄။ အောက်ရေလှန်ပြီ သတိထား ၃၂

၅။ အရှင်ထွက် ၄၁


❑

mgyoe.com

mgyoe.com
mgyoe.com


ငဆောင်းဝင်းလက်
သာကိုကြွေးမလဲ
ရွာကလေးဥယ်

mgyoe.com


# ဘာကိုရွေးမလဲ ရွာကလေးရယ်

(၁)

အလှအပဆို၍ ပီတောက်ပင်ကလေးသုံးပင်လောက်သာ တစ်ရွာလုံးမှာ ရှိလေသည်။

တံငါရွာများစွာရှိကြရာတွင် ဓမင်းဆိပ်သည် အတော်ပင်အကျည်းတန်သော ရွာကလေးဖြစ်၏။

လမ်းက သဲလမ်းခပ်ကြမ်းကြမ်း၊ လူတွေကလည်း ခပ်နွမ်းနွမ်း၊ အိမ်များမှာလည်း ဖြစ်ကတတ်ဆန်း၊ ဝမ်းစာရေးမှာလည်း ရေလုပ်ငန်းဆိုတော့ ပင်ပန်းကြရှာသည်။

ပင်လယ်ထဲ၌ ရှစ်ရက်လောက် ရေမချိုးဘဲ ဖြစ်သလိုနေလာခဲ့ရသော မောင်ဖုန်းမြင့်သည် ညစ်ထပ်ထပ် အိုက်စပ်စပ်နှင့် ကမ်းခြေတွင်ရပ်ရင်း ဓမင်းဆိပ်၏ အခြေအနေကိုအကဲခတ်နေမိခြင်းဖြစ်၏။

mgyoe.com

mgyoe.com


မောင်ဖုန်းမြင့်တို့ သင်္ဘောမှာ ကမ်းခြေမှ ခပ်ခွာခွာ ရေနက်ရာတွင် ကျောက်ချရပ်နားထား၏။ သင်္ဘောဦးတွင် တင်ထားသော သစ်သားစည်ပိုင်းနှစ်လုံးထဲရှိ ရေချိုတို့မှာ မျက်နှာသစ်ရန်၊ ထမင်းဟင်းချက်ရန်နှင့် သောက်ရေအိုးအတွက်သာ ဖြစ်ပေရာ ခရီးနှင်နေတုန်း မောင်ဖုန်းမြင့် ရေမချိုးရပါ။ အခု ဓမင်းဆိပ်တွင် ကျောက်ချမှ လှေတစ်စင်းကို ခဏခေါ်ပြီး ရေချိုးရန် တက်ခဲ့ရ၏။

"အသည်းကတော့ ဆိမ့်နေမှာပဲဗျို့"

မောင်ဖုန်းမြင့်က အခုမှ မြင်ဖူးသော ရွာသားနှစ်ယောက်ကို လှမ်း၍ အော်ပြောလိုက်မိ၏။

"အေးဗျာ၊ ညနေ အမြည်းပေါ့"

တစ်ယောက်က ပြုံးစစလုပ်ရင်း မောင်ဖုန်းမြင့်ကို ပြန်ပြော၏။ သူတို့သည် ကမ်းခြေတွင် ဦးတင်လျက်ကပ်ထားသော ဆယ့်လေးတောင်စပ် နှစ်ဆယ့်တစ်ပေ လှေလတ်တစ်စင်း၏ ဝမ်းထဲမှ ငါးမန်းပျိုတစ်ကောင်ကို ဆွဲတင်နေကြသည်။

ငါးမန်းအသည်းကို ဆီဖြင့်ကြော်၍ အရသာခံဖူးသော မောင်ဖုန်းမြင့်သည် မနေနိုင် မထိုင်နိုင် စကားစလိုက်မိခြင်းဖြစ်၏။

ငါးမန်းကိုကြိုးတစ်ချောင်းနှင့် ခါးလယ်မှပတ်လျက် ဘူးလက်သီးခတ်ချည်နှောင်ပြီး လှော်တက်လျှိုကာ သူတို့နှစ်ယောက်ထမ်းကြပါသည်။ သူတို့နောက်မှ မောင်ဖုန်းမြင့် ကပ်၍လိုက်ခဲ့၏။

"ကိုယ့်လူက ဘယ်ကိုလဲ"

ကျောပြင်မည်းမည်းပေါ်တွင် ကမ္ဘာမြေပုံကားချပ်လို ညှင်းကွက်တွေ ထလျက် ချွေးစက်တွေ ယိုစီးနေသော လူပုပုကမေးသဖြင့် မောင်ဖုန်းမြင့်က ရေတက်ချိုးကြောင်းပြောလိုက်ရသည်။

"ကျုပ်တို့ တဲနားက ရေတွင်းကောင်းတယ်၊ လိုက်ခဲ့"ဟု ညာ

mgyoe.com

mgyoe.com


ဘက်ခြေထောက်တွင် ခြေသန်းကလေး တုံးတိတိပြတ်နေသူက လှိုက်လှဲစွာဖိတ်ခေါ်သည်။

ဝါးစင်များအောက်မှ ခေါင်းငုံ့၍ လျှောက်ခဲ့ကြ၏။ ပင်လယ်သို့ မျက်နှာမူလျက် ဝါးလုံးများဖြင့် ဘူးစင်တည်သလိုတည်ကာ ခွဲထားပြီး သားငါးအမျိုးမျိုးအား လှန်းထားပေရာ ရွာထဲမဝင်မီ ညှီစို့စို့အနံ့တွေ၊ ယင်ကောင်မည်းမည်းကြီးတွေ တဖြုတ်ဖြုတ် သဲပြင်ပေါ်ကြွေကျ မြေခ နေဆဲ၊ လောက်ကောင်ဖြူဖြူကြီးတွေမှာ ရွာ၏ ဧည့်ကြိုမှုခ်ဦး သဖွယ်။

ကျနေပူပူ သဲဖြူဖြူပေါ်ဝယ် ညစ်ပတ်ပေရေစွာ ပြေးလွှားဆော့ ကစားနေသည့် ကလေးတစ်အုပ်သည် မောင်ဖုန်းမြင့်ကို ဧည့်စိမ်းမို့ ထင်၏။ ဝိုင်းကြည့်နေကြ၏။

"ယင်ကောင်ရွာ"

မောင်ဖုန်းမြင့်၏ ရင်ထဲတွင် ညင်သာစွာ နာကျင်ဆို့နင့်သွား၏။ ခံစားတတ်သူ၏ ဝေဒနာတစ်ရပ်ပါ။

တဝီဝီအော်မြည်နေသော ယင်ကောင်မည်းမည်းကြီးတွေကို တိုး ဝှေ့၍ လမ်းလျှောက်နေရသည့် အတွေ့သစ်တစ်ခုက ဘဝ၏မေ့မရ ဖွယ် မှတ်တမ်းတစ်ခုနှယ် တစ်ခါမျှမကြုံဖူးပါ။

ခုတော့ကြုံရပြီ။ ငါးမန်းထမ်းလာသူနှစ်ဦးသည် တဲအိမ်ငယ် တစ်ခုရှေ့ မြေကွက်လပ်ဆီသို့ ချိုးကွေ့၍ ဝင်လိုက်၏။ နောက်မှ ယင်ကောင်တွေ လိုက်လာသည်။

"ဟိုမှာ ရေတွင်း"

ညွှင်းထူသည့်လူက လက်ညှိုးညွှန်ပြသည်။

ရေတွင်းမှာ လူမစည်ကားသေး။ ငါးရွေးပြီးပြန်လာဟန်တူသည့် အဘွားအိုတစ်ယောက်သာ ဆန်ကောထဲမှ ငါးပေါင်းစုံသုံးလေးကောင်

mgyoe.com

mgyoe.com


ကို ဟင်းစားချက်ရန် ရေစင်စင်ဆေးနေ၏။

လည်ပင်းကြီး ဝေဒနာရှင်အဘွားအိုမှာ ချောင်းတဟွတ်ဟွတ် ဆိုးရင်း ငါးတွေဆေးနေသည်။

သူက လုံချည်ကို ရင်ရှားမထားပေ။ ဝတ်ရိုးဝတ်စဉ်အတိုင်း ခါးမှာ ဝတ်ထား၏။ အပေါ်ပိုင်းမှာ ဗလာကျင်း ဟင်းလင်းပြင်ကြီး၊ မွဲခြောက်မည်းညိုသော အရေပြားအောက်မှ နံရိုးများကို ရေတွက်နေရန် အကြောင်းမရှိသဖြင့် သူ့ထံမှ မျက်နှာလွှဲလိုက်မိ၏။

ခွေးကိုငေါက်၊ ယင်ကောင်ကို ခြောက်လှန့်ရင်း မန်ကျည်းသား စဉ်းတီတုံးပြားပြားကြီးပေါ်တွင် ငါးမန်းကို တစောင်းတင်လျက် ဓား ထက်ထက်ဖြင့် ခပ်သွက်သွက်ခွဲနေသူနှစ်ယောက်၏လက်မှာ ချွေးနှင့် သွေးတွေ ရောထွေး ပေရေနေ၏။

"ရှော့ဗျာ"

ငါးမန်းအသည်းကြီးကို လက်ဖဝါးပေါ်တင်၍ ခြေသန်းပြတ်နေ သူက မောင်ဖုန်းမြင့်အား လက်ဆောင်ပါးနေ၏။

"ဖြည်းဖြည်းပေါ့ဗျာ။ ခင်ဗျားတို့ ဒါပြီးရင် ဘာအလုပ်ရှိသေး သလဲ"

မောင်ဖုန်းမြင့်က ပြုံး၍မေးလိုက်သည်။

"ဒီကောင့်ကို အမြှောင်းလိုက် အသားလှွာခွဲပြီး စင်ပေါ်တင် လှန်းဖို့ပဲ ကျန်တယ်လေ။ ဘာဖြစ်လို့လဲ"

ညှင်းထူထူလူက မော့၍မေး၍. . .

"ဒီလိုလုပ်မယ်ဗျာ၊ ကျွန်တော်တို့သုံးယောက် အတူတူရေချိုးပြီး ခင်ဗျား တို့လှေနဲ့ ကျွန်တော့်သင်္ဘောကို သွားကြမယ်။ ဟိုကျမှ ငါးမန်း အသည်းကို ကြော်ပြီး အရက်အတူတူသောက်ကြတာပေါ့။ မနေ့က ဆီးဖြူသောင်ကို ရောက်တော့ ရန်ကုန်ဘီအီးဒီစီနှစ်ပုလင်း ကျွန်တော်

mgyoe.com

mgyoe.com


ဝယ်လာခဲ့တယ်။ သဘော်ာက ကျွန်တော့်သူငယ်ချင်းတွေလည်း ဝယ်လာကြတာရှိတယ်။ သဘော်ာမှာပဲ ထမင်းစားကြဗျာ၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

မောင်ဖုန်းမြင့်၏စကားအဆုံးတွင် သူတို့မျက်နှာကြီးတွေ ပြုံးဖြဲဖြဲဖြစ်သွားသည်။

"ဟော့ကောင်. . . ဒါဆို့ရင် မင်းအိမ်က ပုစွန်ခြောက် လက်နှစ်ဆုပ်လောက် ဝင်ယူကွာ၊ ဟိုမှာ ဆီနဲ့ သုပ်စားရအောင်"

ညွှင်းထူသူက သူ့သူငယ်ချင်းကို တိုက်တွန်း၏။ သူတို့ကိစ္စပြီးတော့ သုံးယောက်အတူ ရေချိုးကြသည်။ ရေကအေးသော်လည်း သိပ်မသွက်။ စေးထန်းထန်းနှင့် ဆပ်ပြာတိုက်တော့ အမြှုပ်ကောင်းကောင်း မထွက်ချင်။ အဝတ်ဟောင်းသုံးထည်နှင့် မျက်နှာသုတ်ပဝါကိုတော့ ကိုဖုန်းမြင့် လျှော်ဖြစ်အောင် လျှော်လိုက်သေး၏။

"ငါ့ကို ဝင်ခေါ်ကွာ၊ ပုစွန်ခြောက်ယူပြီး တဲက စောင့်နေမယ်"

ခြေသန်းကလေး ကံဆိုးနေသူက အမှာစကားပါးလျက် ထွက်သွား၏။ စောစောက ငါးမန်းဖျက်သည့်တဲကို ညွှင်းထူသူသည် ခဏဝင်၏။

"ဟော့. . . ငါ့စွပ်ပြဲအင်္ကျီ ပေးစမ်း"

တဲပေါ်သို့ လှမ်းအော်လိုက်ရာ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက် ထွက်လာပြီး အာဂျီနိုမိုတို အချိုမှုန့်တံဆိပ် စွပ်ကျယ်အင်္ကျီဟောင်းတစ်ထည်လာပေး၏။ တဲရှေ့ အဝတ်ကြိုးတန်းမှာ လှန်းထားသည့် ချည်လုံချည်ကြမ်းတစ်ထည်ကို သူက ဆွဲယူပြီး ရေစိုလုံချည်နှင့် လဲလှယ်ဝတ်ဆင်သည်။

မောင်ဖုန်းမြင့်က တဲရှေ့ခန်းသို့ စပ်စပ်စုစု လှမ်းကြည့်မိ၏။ စောစောက ပိတ်ခြင်ထောင်ကြီး ထောင်ထားသည်ကို မတွေ့၊ ယခု

mgyoe.com

mgyoe.com


ရေတွင်းမှ ပြန်လာတော့ ပိတ်ခြင်ထောင်ကြီး ထောင်ထားသည်ကို တွေ့ရပြီး အထဲမှ ကလေးတစ်ယောက် အော်ငိုလိုက်သံကို ကြားရပြန်သဖြင့် အံ့အားသင့်မိ၏။

"ဘာဖြစ်တာလဲဗျ။ ကလေးနေမကောင်းလို့လား"

မောင်ဖုန်းမြင့် စိုးရိမ်တကြီး မေးမိသည်။ ညွှင်းထူသူက ပြုံးလိုက်၏။

"ခြင်ထောင်ထောင်ပြီး ကလေးနှစ်ယောက်ကို ထမင်းကျွေးနေတာ ဟင်းလုရင်း ငိုတာနဲ့ တူတယ်ဗျ" ဟု ပြောသဖြင့် ပို၍ အံ့အားသင့်ရပြန်၏။

"ဘယ်လို. . .ဘယ်လို၊ ခြင်ထောင်ထောင်ပြီး ထမင်းကျွေးတယ်"

"ဟုတ်တယ်လေ။ ယင်ကောင်တွေပေါတော့ ကျွန်တော်တို့ ရွာမှာ ဧည့်သည်လာလို့ ထမင်းကျွေးတာတောင်မှ ခြင်ထောင်ချပြီး ခြင်ထောင်ထဲမှာ ကျွေးရတယ်"

"သြော်. . .သြော်"

မောင်ဖုန်းမြင့်မှာ သြော်. . . နှစ်လုံးသာ နှုတ်တံခါး ဖွင့်ဟနိုင်ရှာ၏။ ဘာကြောင့်မှန်းမသိ၊ နှစ်ယောက်သား လမ်းလျှောက်လာရင်း စိတ်ကူးစိတ်သန်း ခပ်ဆန်းဆန်းကလေးဖြင့် မောင်ဖုန်းမြင့် အတွေးနယ်ချဲ့မိသေးသည်။

ရွာမူလတန်းကျောင်းမှာ စာလာသင်ပေးနေတဲ့ မြို့သားကျောင်းဆရာ လူပျိုချောချောကလေးရယ်၊ သူ ထမင်းလခပေးစားနေတဲ့ ပိုက်သူကြီးအိမ်က ကွမ်းတောင်ကိုင် သမီးချောကလေးရယ်၊ ထမင်းဟင်းခူးခပ်ကျွေးမွေးရင်း ပိတ်ခြင်ထောင်ကြီးထဲမှာ မျက်နှာချင်းဆိုင် ဆုံကြတော့ ရင်ခုန်ရတာလေးတွေ ရှက်သွေးဖြာရင်း ဟင်းခွက် မှားနှိုက်မိတာကလေးတွေ၊ လည်ချောင်းတွင် ထမင်းနင်တော့ မကြည့်ရက်နိုင်သူ

mgyoe.com


ကလေးက ခြင်ထောင်စ အသာမပြီး သောက်ရေ သွားခပ်ပေးဖို့ ငုံ့အထွက် ကေသာထက်မှာ ပန်ထားတဲ့ နှင်းဆီပွင့်ကလေး ပြုတ်ကျ ရရှာ ပုံတွေ၊ ပင်လယ်ကမ်းစပ်ရောက်တော့ မောင်ဖုန်းမြင့်၏အတွေး ကလေးပျက်ပြီပေါ့။

ငါးလှေတွေ ဝင်လာပြီမို့ တောင်းကိုယ်စီ ခါးစောင်းတင်ကာ ပြေးဆင်း လာကြသော ရွက်ကြမ်းရေကျိုကလေးများ၏ပါးပြင်တွင် သနပ်ခါးပင် မမြင်ရ။ ချွေးစကလေးတွေ စိုနေသည်။

လှေထဲမှ ငါးတွေကို တောင်းထဲသွဲ့ထည့်ပြီး ဖျာကြမ်းတွေ ခင်းထားသည့် ငါးလှန်းစင်အောက်ရောက်တော့ ငါးကြီး ငါးသေး ရွေးကြ ရရှာသည်။ တကယ်တော့ သူတို့သည် တစ်နေ့လုံး ညှီ။ သူတို့နှင့် ငါး ခွဲခြား၍ မရ။

"သောက်ကြနော် အားမနာနဲ့"

သင်္ဘောဦးမှာ ဝိုင်းဖွဲ့ကြတော့ ခမင်းဆိပ်ရွာသားနှစ်ယောက်ကို ဖော်ရွေပျူငှာစွာ မောင်ဖုန်းမြင့်တို့ ဧည့်ဝတ်ပြုပါသည်။

မောင်ဖုန်းမြင့်တို့ သင်္ဘောကလေးမှာ သစ်သားကိုယ်ထည်မို့ ဦးပိုင်းတွင် ထိုင်၍ကောင်း၏။ ဟိုးအဝေးတွင် မြင်နေရသော ကုလားကောက် ကျွန်းကြီး၏အစွယ်တွင် နေသည် ကွယ်စ၊ ဆောင်းလေလည်း သွေးစ။

"ငါးမန်း အသည်းကြော်ရပြီဟေ့"

သင်္ဘောပဲ့ပိုင်းဆီမှ ကိုတင်စိန်က အိုးသူကြီး လုပ်နေရင်း လှမ်း အော်ပြောသဖြင့် ဂျိုးဇက်က သွားယူလာသည်။

"တော်တော် ဆိမ့်တယ်နော်"

ရေယာဉ်မှူး ကိုဝင်းကြည်က မှတ်ချက်ချ၏။ ခမင်းဆိပ်ရွာသား နှစ်ယောက်က အသောက်ကြမ်း၏။ အစားလည်းကြမ်း၏။

mgyoe.com

mgyoe.com


"ပြန်ရင် အိမ်မီးထွန်းဖို့ ဒီဇယ်ဆီ နည်းနည်းပေးနော်"ဟု အိမ်ပြန်လက်ဆောင်လည်း တောင်းကြ၏။

ပင်လယ်ပြင်လည်း မှောင်ပြီ။ ဓမင်းဆိပ်ရွာကလေးလည်း မှောင်ပြီ။ ထင်းရှူးချောင်းဘက်မှ တောင်ပေါ်ဘုရားကိုမူ မီးရောင်ကလေး ခပ်သေးသေး လင်းလက်စွာ ပူဇော်ထားကြောင်း တွေ့ရ၏။

ထိုစဉ်မှာပင် ဓမင်းဆိပ်ရွာ ကမ်းခြေ ကျောက်ဆောင်အကွယ်ကလေးများဆီမှ မိန်းကလေးအချင်းချင်း စကားပြောသံ၊ ရယ်မောသံသဲ့သဲ့တို့ကို ကြားလိုက်မိ၏။

"ဘာလုပ်နေကြတာလဲဗျ၊ မှောင်ကြီး မည်းကြီးထဲမှာ"

မောင်ဖုန်းမြင့်က မေးလိုက်သည်။

"ဒီအချိန်ကျမှ ရွာက မိန်းကလေးတွေစုပြီး အခင်းကြီးသွားဖို့ ပင်လယ်ကမ်းစပ်ကို ဆင်းလာကြတာဗျ"

ညွှင်းထူသူက ခွက်ထဲသို့ အရက်လက်နှစ်လုံးသာသာ ငှဲ့ထည့်ရင်း ရယ်မောကာ ပြောပြပါသည်။

"ရွာမှာ ယင်ကောင်တွေပေါနေတော့ ဘယ်တဲမှ အိမ်သာမထားကြဘူးလေ။ ဒါကြောင့် တဲတစ်တဲနဲ့တစ်တဲ ဖင်ချင်းကပ်ပြီး ဆောက်ထားကြတာပေါ့။ သွားချင်ရင် ပင်လယ်ကမ်းစပ်ကိုပဲ ဆင်းကြရတယ်။ အပျိုလေးတွေကတော့ ညကျမှ ဆင်းကြတယ်။ ကျုပ်တို့ လူပျိုတုန်းက ဒီအချိန်ဟာ ရည်းစားနဲ့ ချိန်းတွေ့တဲ့အချိန်ပေါ့။ အပျိုတွေကို ထိန်းတဲ့ မိန်းမကြီးတွေကို ဇီးဖြူသောင်က ပြန်လာရင် ပါတိတ်လုံချည်လှလှတစ်ထည်လောက် ဝယ်ပေးလိုက်ရင် အဆင်ကို ပြေနေတာပဲ"

သူက အသံသြသြကြီးဖြင့် တဟားဟားရယ်ရင်း ပြောနေသည်။

mgyoe.com

mgyoe.com


မောင်ဖုန်းမြင့်ကတော့ မရယ်နိုင်ပါ။

"မိုးတွင်းဆို သူတို့လေးတွေ ဒုက္ခပဲနော်"ဟု စိုးရိမ်စိတ်နှင့် ပြောလိုက်မိသည်။

"ဒါတော့ ဘယ်တတ်နိုင်မလဲဗျာ" တဲ့။

"မိုးတွင်းဆို ကမ်းနားတဲအိမ်တန်းက လူတွေအားလုံး အဲဒီအတွက် ဒုက္ခရောက်ကြတယ်။ ရွာအတွင်းပိုင်း ဟိုဘက်လယ်ကွင်းနားက ခြံတွေ အိမ်တွေကျတော့ ယင်ကောင်လည်း သိပ်မကျတော့ တွင်းအိမ်သာကလေးတွေ ရှိကြတယ်"

သူ၏ ထပ်ဆင့်စကားကို နားစွင့်ရင်း မောင်ဖုန်းမြင့်သည် ရေနည်းနည်း ရောစပ်ထားသည့် အရက်တစ်ခွက်ကို ခပ်သွက်သွက် မော့ချလိုက်မိ၏။

မီးရောင်ကလေးတွေ ဟိုတစ်ကွက်သည်တစ်ကွက် လင်းလက်နေသည့် ဓမင်းဆိပ်ကမ်းခြေသို့ လှမ်းကြည့်လိုက်မိပြန်သည်။

ပို့ဖြူတစ်သင်းတို့ အချင်းချင်း နောက်ပြောင်ရယ်မောသံများကို အမှောင်ထုဝယ် ကြားနေရဆဲ။ မိုးရာသီရဲ့ ညတွေကျတော့ ခမောက်ကလေးတွေ ဆောင်းတဲ့သူက ဆောင်း၊ လုံချည်ဟောင်းကလေးတွေ ခြုံတဲ့ သူက ခြုံနှင့်။

တောက်ပြောင် အေးစိမ့်တဲ့ ရေချိုးခန်းရယ်၊ သန့်ရှင်းလုံခြုံတဲ့ ရေလောင်း အိမ်သာရယ်၊ ဗိုလ်ချုပ်ဈေးနဲ့ စိန်ဂွန်းဈေးရယ်၊ မျက်နှာပေါင်းတင်တဲ့ လှရိပ်မြုံ ဆိုတာရယ်၊ ကုံကော်ရနံ့တွေ သင်းပျံ့နေတဲ့ အဓိပတိလမ်းရယ်၊ တိတ်ဆိတ် မှောင်မိုက်တဲ့ ရုပ်ရှင်ပြခန်းရယ်၊ တီဗွီနဲ့ ဗွီဒီယိုရယ်၊ ဘရိတ်နင်းလိုက်တိုင်း အော်ဂင်သံ မြည်တတ်တဲ့ ကားလှလှကလေးတွေရယ်၊ ခြင်လုံ ယင်လုံ သံဆန်ခါတွေနဲ့ ကာရံဖွဲ့စည်းထားတဲ့ အိမ်တစ်အိမ်ရဲ့ ထမင်းစားခန်းရယ်။ အဲဒါတွေ တစ်ခုချင်းရွတ်ပြရင်း

mgyoe.com

mgyoe.com


ခမင်းဆိပ် ရွာကလေးကို ကြိုက်တာ ရွေးယူဖို့ ပြောလျှင် ရွာကလေးက ဘာကိုရွေးမလဲဟု မောင်ဖုန်းမြင့်တစ်ယောက် ကလေးဆန်ဆန် တွေးကြည့်နေမိလေသည်။

ရှုမဝမဂ္ဂဇင်း၊ မတ်၊ ၁၉၈၄

❑

mgyoe.com

mgyoe.com


## သိုက်ဆွတ်သမား မဟုတ်ပြားလည်း

မိုးဇာ. . .

ပြီလဲ. . .

ဇီဝဖိုး. . .

ဆိုတဲ့ ချစ်လှစွာသော ငှက်ကလေးတို့ရယ်၊ မြို့ပြမှာ ခဏတာ ခိုနားလှုပ်ရှားပြီး စာ၊ ကဗျာတွေ အများကြီးရေးခဲ့။

လေးစားအပ်တဲ့ အနုပညာမိတ်ဆွေတွေနဲ့ ကြည်မွေ့ရင်းနှီးခဲ့တဲ့ ဦးဦးဟာ မကြာခင်မှာပဲ မင်းတို့လေးတွေရှိရာ ရေမျောကမ္ဘာကို ရက်လရှည်ကြာ ဝမ်းစာရှာဖို့ ပြန်လာရပေဦးတော့မယ်။

ဦးဦးလာရမှာက သင်္ဘောတစ်စီးစီးနဲ့ပေါ့။ ဘယ်နေ့ ဘယ်အချိန်လဲ ဆိုတာတော့ သည်ရက်ပိုင်းမှာ ဦးဦးကြိုတင် မပြောနိုင်သေးဘူးလေ။

ခက်ထန်ကြမ်းတမ်းတဲ့ လှိုင်းတံပိုးတွေ အုံကြွစ၊ ဝါဆိုလရဲ့

mgyoe.com

mgyoe.com


ပထမပတ်အတွင်းမှာ ရေမျောကမ္ဘာကို ဦးဦးရောက်လာရလိမ့်မယ် ထင်ပါရဲ့။

တော်သေးတာပေါ့နော်။ တကယ်လို့သာ ကဆုန်လကုန်ခါနီး ဒါမှမဟုတ် နယုန်လထဲမှာသာ ဦးဦးရောက်လာခဲ့မယ်ဆိုရင် ညှာတာမှု ကင်းမဲ့လှတဲ့ ငှက်သိုက်အလုပ်သမားတချို့ရဲ့ ကြမ်းတမ်းစိတ်ထားကို မျက်ဝါးထင်ထင် တွေ့မြင် ရွှေရင်ကွဲရဦးမှာ သေချာတယ်လေ။

ဘာကြောင့်လဲ သိလား။ မင်းတို့လေးတွေ သိကြမှာပါ။

အဲသည်ရက်တွေမှာ မင်းတို့လေးတွေရဲ့အသိုက်ကို သူတို့က ဆွတ်ကြ၊ ခူးကြလို့ မင်းတို့ရင်သွေးငှက်ဥလေးတွေ ကွဲအက်ကြေမွသွားတာ ဦးဦး မြင်ဖူးတာကိုး။

အရသာရှိလွန်းလို့ဆိုပြီး ငှက်သားပေါက်ကလေးတွေကို ချက်စားကြတာ၊ ဆီနဲ့ကြော်စားကြတာကိုး။

အဆီတွေရွှဲနေတဲ့ ငှက်သားပေါက်ကလေးတွေကို တချို့က ဆီမီးတိုင် သဘောမျိုးမီးမြှိုက်ပြီး ညမှောင်မှောင်မှာ အလင်းရောင်ရဖို့ အသုံးချတတ်ကြသေးတာကိုး။

လူချင်းတူပေမဲ့ ဦးဦးတော့ သည်လောက်စိတ်ထား မကြမ်းနိုင်ဘူးလေ။

မင်းတို့ကို ဦးဦးချစ်တယ်၊ သိပ်ချစ်တယ်။ မင်းတို့ကလည်း ချစ်စရာကောင်းတာကိုး။ လူသားတွေမှာ အသွေးအရောင်ကွဲပြားသလိုပဲ မင်းတို့လေးတွေမှာလည်း တချို့ကတစ်ကောင်လုံး ဆွတ်ဆွတ် ဖြူဖွေးနေတာပဲ။

မင်းတို့ရဲ့အရွယ်ကလည်း စာကလေးငှက်တစ်ကောင်နီးပါးလောက် သာရှိတော့ လက်တစ်ဆုပ်စာလို့ ဆိုရမယ်ထင်ပါရဲ့။ နှုတ်သီးနဲ့ ခြေထောက်လေးတွေကျတော့ မည်းမည်းလေးတွေနော်။

mgyoe.com

mgyoe.com

ချစ်စရာအကောင်းဆုံးကတော့ မင်းတို့ရဲ့ မျက်လုံးဝိုင်းစက်ပြူး ကျယ်လေးတွေပဲပေါ့။ ငှက်သိုက်တောင်ခေါင်းထဲမှာ သစ်ရွက်ခြောက်၊ မြက်ခြောက်တွေနဲ့ ရောနှောပြီး အသိုက်လုပ်တတ်တဲ့ အညိုရောင်ငှက် ကလေးတွေရယ်. . . အာခံတွင်းက အမည်းရောင် အစွဲစေး၊ အစွဲမျှင် လေးတွေ အန်ထုတ်တတ်တဲ့ ငှက်ကလေးတွေကျတော့ အမွေးဖွါဖွါ လေးတွေ မတွေ့ရဘူးနော်။

ဒါပေမဲ့ မင်းတို့အားလုံးဟာ ဘဝဝဋ်ကြွေးအရ သတ္တလောကထဲ က "လူ" ဆိုတဲ့ သတ္တဝါတချို့ကို "ပေးဆပ်ကြရပုံ" "ပေးဆပ်နည်း" ကတော့ဖြင့် အတူတူပါပဲလေ။

နှစ်စဉ်မပျက် တပို့တွဲလရောက်ပြီဆိုမှဖြင့် မင်းတို့လေးတွေဟာ ကျောက်ဂူကြီးရဲ့ နံရံပေါ်မှာ အသိုက်ကလေးတွေ ဆောက်ကြတယ်။ မင်းတို့ရဲ့ အာခံတွင်းသွေးမျှင်ကြောလေးတွေ ပြတ်တောက်ယိုစိမ့် စီးဆင်းအောင် အန်ဖတ်တွေအန်ထုတ်ပြီးဖွဲ့တည်ရတဲ့ 'မြတ်သော အသိုက်' 'မွန်မြတ်အဲ့ မခန်းအသိုက်' 'သမ္မာအာဇီဝအသိုက်' လေးတွေ ပေါ့။

ဦးဦး စောင့်ကြည့်ဖူးတယ်လေ။ အသိုက်ဆောက်ကာစမှာ တစ် လက်မရဲ့ လေးပုံသုံးပုံလောက်သာရှိမယ့် ဖရဲသီးစိတ်ပုံသဏ္ဌာန် အန် ဖတ်ကလေးတွေ စုစုစည်းစည်းအန်ထုတ်ပြီး ငှက်သိုက်တောင်ရဲ့ ကျောက်ဂူအတွင်းဘက်နံရံမှာ မင်းတို့ဖွဲ့တည်ကြတယ်။

သည်လိုနဲ့. . . ၁၀ ရက်လောက်လည်း ကြာရော. . . အကျယ် အဝန်း ၃ လက်မ နေစရာချိုင့်ဝှမ်းတစ်လက်မလောက်ရှိတဲ့ အန်ဖတ် အသိုက်ကလေးဖြစ်လာတယ်။

အန်ဖတ်တွေ အန်ထုတ်ရတာ ရင်ပူကြမှာပဲနော်။ ကျောက် တောင်ပေါ်က ကျောက်ခွက်ကြီးထဲမှာရှိတဲ့ မိုးရေတွေကို မင်းတို့သောက်

mgyoe.com

သုံးကြတာ ဦးဦးသိတယ်လေ။

နေထိုင်ဖို့ရယ်၊ ငှက်မလေးတွေ ဥဥနိုင်ဖို့ရယ်၊ သားပေါက်ငှက်ငယ်လေးတွေ မျိုးဆက်သစ်ဖြစ်တည်ဖို့ရယ်၊ ဦးတည်ရည်ရွယ်လုပ်ရှားတည်ဆောက်နေကြတဲ့ မင်းတို့လေးတွေဟာ သိမ်းငှက်နဲ့ စွန်ရဲတွေရဲ့အနိုင်ကျင့် တိုက်ခိုက်ထိုးသတ်မှုရန်ကိုလည်း ပုန်းကွယ်ရှောင်တိမ်းကြရတယ်။

ကျောက်တောင်ကြီးတွေရဲ့ ထိပ်ဖျားကတစ်ဆင့် ဝေးကွာမြင့်မားလှတဲ့ မိုးသားတိမ်လွှာတွေကြားအထိ မောပိုက်စွာပျံတက်ပြီး အမြင့်ပျံပိုးကောင် ပျားကောင်ငယ်လေးတွေကို ရှာဖွေစားသောက်ကြရတယ်။

အစာရှာရာက ပြန်လာတဲ့အချိန်မှာ ကိုယ်ဝန်ဆောင်ငှက်မကလေးတွေ၊ ငှက်ဥကလေးတွေ၊ ငှက်သားပေါက်ကလေးတွေသာမက ဆယ်ရက်လောက် တည်ဆောက်ခဲ့ရတဲ့ အသိုက်တွေကို မတွေ့ရတဲ့အခါ မင်းတို့ဟာ ဆောက်တည်ရာမဲ့ အော်ဟစ်ပျံဝဲရင်း ငှက်သိုက်အသစ်ကို ပြန်လည်ဖွဲ့တည်ကြရပြန်တယ်။

သည်နေရာမှာ စာနာမှုဆိုတာ ကွယ်ပျောက်ခဲ့ပြီလေ။ ငှက်သိုက်ခူးသမား လူသားတချို့ဟာ တပို့တွဲလမကုန်ခင်ကတည်းက ကျောက်ဂူကြီးထဲမှာ ဝါးတွေ၊ နွယ်ကြိုး၊ ဆိုင်းကြိုး၊ ချည်ဖိုကြိုးတွေနဲ့ ငြမ်းမြင့်မြင့်ကြီးတွေ၊ စားနပ်ရိက္ခာတွေ၊ မီးထွန်းဖို့ ကညင်ဆီတွေ၊ ငှက်သိုက်ခူးတဲ့ သံစူးတံချူတွေ၊ ငှက်သိုက်ထည့်တဲ့ ပတ္တူအိတ်တွေ၊ အဆင်သင့်လုပ်ထားကြပြီလေ. . .။

အို. . .

ချစ်လှစွာသော. . .

မိုးဇာ. . .

ပြီလဲ. . .

mgyoe.com